အချက်အလက်စာစောင်

# လူမျိုးရေးအရ ခွဲခြားဆက်ဆံမှု ဆိုင်ရာ အက်ဥပဒေအရ တိုင်ကြားမှုများ

## လူမျိုးရေးအရ ခွဲခြားဆက်ဆံမှုဆိုင်ရာ အက်ဥပဒေဆိုသည်မှာ အဘယ်နည်း။

*၁၉၇၅ ခုနှစ် လူမျိုးရေးအရ ခွဲခြားဆက်ဆံမှုဆိုင်ရာ အက်ဥပဒေ* (ဗဟို) (RDA) အရ သင်၏ လူမျိုး၊ အသားအရောင်၊ မျိုးရိုး၊ နိုင်ငံသား သို့မဟုတ် လူမျိုးစု ဇစ်မြစ် သို့မဟုတ် လူ လူဝင်မှုဆိုင်ရာ အဆင့်အတန်းကြောင့် သင့်အား မမျှတစွာ ဆက်ဆံခြင်းကို ဥပဒေအရ တားမြစ်ထားသည်။

၎င်းသည် လူမျိုးရေးအရ မုန်းတီးမှုကိုလည်း ဥပဒေနှင့် ဆန့်ကျင်စေသည်။

## ဤဥပဒေကို မည်သည့်အခါ၌ ကျင့်သုံးနိုင်သနည်း။

အများပြည်သူလောက၏ အောက်ပါအပိုင်းအခြားများစွာတွင် တရားမျှတစွာ ဆက်ဆံခံရရန် သင် RDA ကို သုံးနိုင်သည်။

- **အလုပ်အကိုင်။** အလုပ်ရခြင်း၊ အလုပ်၏ စည်းကမ်းချက်များနှင့် သတ သတ်မှတ်ချက်များ၊ လေ့ကျင့်ရေး၊ ရာထူးတိုးခြင်း၊အလုပ်ဖြုတ်ခံရခြင်း။
- **ပညာရေး။** အစိုးရ သို့မဟုတ် ပုဂ္ဂလိက ကျောင်း၊ ကောလိပ် သိ သို့မဟုတ် တက္ကသိုလ်၌ စာရင်းသွင်းခြင်း သို့မဟုတ် ပညာသင်ကြားခြင်း။
- **နေရာထိုင်ခင်း။** အိမ် သို့မဟုတ် လူနေအိမ်ခန်း ငှားရမ်းခြင်း သို့မဟုတ် ဝယ်ခြင်း။
- **ဝန်ဆောင်မှုများကို ရယူခြင်း သို့မဟုတ် အသုံးပြုခြင်း။**
  ဘဏ်လုပ်ငန်း သို့မဟုတ် အာမခံလုပ်ငန်း။ အစိုးရဌာနများ၊ သယ်ယူပို့ဆောင်ရေး သိ သို့မဟုတ် ဆက်သွယ်ရေးဆိုင်ရာ အဖွဲ့အစည်းများ၏ ဝန်ဆောင်မှုများ။ ရှေ့နေများ၊ ဆ ဆရာဝန်များ သို့မဟုတ် အတတ်ပညာသည်များက လုပ်ဆောင်ပေးသည့် အတတ်ပညာရှင်ဆိုင်ရာ ဝန်ဆောင်မှုများ။ စားသောက်ဆိုင်များ၊ ဆိုင်များ သို့မဟုတ် ဖျော်ဖြေရေးဌာနများဆိုင်ရာ ဝ ဝန်ဆောင်မှုများ။
- **အများပြည်သူဆိုင်ရာ နေရာများကို သွားလာခြင်း။** ပန်းခြံများ၊ အစိုးရရုံးများ၊ စားသောက်ဆိုင်များ၊ တ တည်းခိုခန်းများ သို့မဟုတ် ဈေးဆိုင်များတို့ကဲ့သို့ဖြစ်သည်။

# လူမျိုးရေးအရ ခွဲခြားဆက်ဆံမှုဆိုသည်မှာ အဘယ်နည်း။

လူမျိုးရေးအရ ခွဲခြားဆက်ဆံမှုသည် လူတစ်ဦးအား လူမျိုး၊ အသားအရောင်၊ မျိုးရိုး၊ နိုင်ငံသား၊ လူ
လူမျိုးစု ဇစ်မြစ် သို့မဟုတ် လူဝင်မှုဆိုင်ရာ အဆင့်အတန်းကြောင့် အလ
အလားတူအခြေအနေရှိသော အခြားသူတစ်ဦးအောက် န
နိမ့်ချဆက်ဆံခံရသည့်အခါတွင် ဖြစ်ပွားသည်။ ဥပမာအားဖြင့် အိ
အိမ်ခြံမြေအကျိုးဆောင်တစ်ဦးက လူမျိုးရေးနောက်ခံကြောင့် သို့မဟုတ် အသ
အသားအရောင် ကွဲပြားမှုကြောင့် လူတစ်ဦးအား အိမ်ငှားရန် ငြင်းဆန်ပါက ၎င်းမှာ 'တိုက်ရိုက် ခွဲ
ခွဲခြားဆက်ဆံမှု' ဖြစ်လိမ့်မည်။

လူမျိုးရေးအရ ခွဲခြားဆက်ဆံမှုသည် လူတိုင်းအတွက် တစ
တစ်ပြေးညီ စည်းမျဉ်းများ သို့မဟုတ် မူဝါဒများရှိသော်လည်း လူမျိုး၊ အသ
အသားအရောင်၊ မျိုးရိုး၊ နိုင်ငံသား၊ လူမျိုးစု ဇစ်မြစ် သို့မဟုတ် လူဝင်မှုဆိုင်ရာ
အဆင့်အတန်း တစ်စုံတစ်ရာရှိသည့် လူများအပေါ် မမျှတသော အက
အကျိုးသက်ရောက်မှုရှိသည့်အခါတွင်လည်း ဖြစ်ပေါ်သည်။ ၎င်းကို 'သွယ်ဝိုက် ခွဲခြားဆက်ဆံမှု' ဟု
ဟုခေါ်သည်။ ဥပမာအားဖြင့် အကယ်၍ကုမ္ပဏီတစ်ခုက အလုပ်သမားများသည် အလုပ်ခွင်၌ ဦးထုပ် သိ
သို့မဟုတ် အခြားခေါင်းဆောင်း မဆောင်းရဟုဆိုပါက ၎င်းမှာ သွယ်ဝိုက်
ခွဲခြားဆက်ဆံမှုဖြစ်နိုင်သည်၊ အဘယ်ကြောင့်ဆိုသော် ၎င်းသည် အချို့သော လူ
လူမျိုး/လူမျိုးစုနောက်ခံရှိကြသူများအပေါ် မတရားသော အက
အကျိုးသက်ရောက်မှုရှိစေနိုင်ခြင်းကြောင့်ဖြစ်သည်။

# လူမျိုးရေးအရ မုန်းတီးမှုဆိုသည်မှာ အဘယ်နည်း။

လူမျိုး၊ အသားအရောင်၊ နိုင်ငံသား၊ သို့မဟုတ် လူမျိုးစု ဇစ်မြစ်တို့အပေါ် အခြေခံ၍ လူအများအရှေ့တွင် တ
တစ်စုံတစ်ရာကို လုပ်ဆောင်ခြင်းသည် **စော်ကားခြင်း၊ မထီမဲ့မြင်ပြုခြင်း၊ အရှက်ရစေခြင်း သို့မဟုတ် ခြိမ်
မ်းခြောက်ခြင်းတို့ကို** ဖြစ်ပေါ်စေနိုင်ဖွယ်ရှိသဖြင့် ၎င်းမှာ တရားဥပဒေနှင့် ဆန့်ကျင့်ပါသည်။

လူမျိုးရေးအရ မုန်းတီးမှုတွင် အောက်ပါတို့ဖြစ်သော လူမျိုးရေးနှင့် စပ်ဆိုင်ရာ လုပ်ဆောင်မှုများ ပါဝင်သည်။

- e-forum (အင်တာနက် ဟစ်တိုင်)များ၊ ဘလော့ဂ်များ၊
  လူမှုရေး ကွန်ရက်များနှင့် ဗီဒီယို မျှဝေကြည့်ရှုသည့် အချိတ်အဆက်များအပါအဝင် အင
  အင်တာနက်ပေါ်တွင်ရှိသော စော်ကားမော်ကား အကြောင်းအရာများ

- သတင်းစာများ၊ မဂ္ဂဇင်းများ၊ လက်ကမ်းစာစောင် သိ
  သို့မဟုတ် လက်ကမ်း ကြော်ငြာများကဲ့သို့ စာပေများတွင် ပါရှိသော စော်ကားသည့် မှ
  မှတ်ချက်ချခြင်း၊ ဝေဖန်ခြင်းများ သို့မဟုတ် ပုံရိပ်များ

- လူထုချီတက်ပွဲတွင် စော်ကားသည့် ဟောပြောမှုများ

- ဆိုင်ခန်း၊ အ
  အလုပ်ခွင်၊ လူထုပန်းခြံ၊ အ

အများပြည်သူ သယ်ယူပို့ဆောင်ရေးယာဉ်များအပေါ်၌နှင့် ကေ
ကျောင်း၌တို့ကဲ့သို့သော အများပြည်သူဆိုင်ရာနေရာများတွင်
ရင့်သီးကြမ်းတမ်းစွာ မှတ်ချက်ချခြင်း၊ ဝေဖန်ခြင်းများ

- ကစားသမားများ၊ ပရိသတ်များ၊ နည်းပြများ သို့မဟုတ် အရာရှိများက အားကစားပွဲများ၌ ရင
ရင့်သီးကြမ်းတမ်းစွာ မှတ်ချက်ချခြင်း၊ ဝေဖန်ခြင်းများတို့ဖြစ်သည်။

**လူမျိုးရေးအပေါ်အခြေခံသော စော်ကားအပြုအမူသည် မည်သည့်အခါတွင် ဥပဒေနှင့် မဆန့်ကျင်သနည်း။**

RDA သည် လွတ်လပ်စွာ ပြောဆိုဆက်သွယ်ရန် လုပ်ပိုင်ခွင့် ('လွတ်လပ်စွာ ပြောဆိုခွင့်') နှင့် လူ
လူမျိုးရေး မုန်းတီးမှုမှ လွတ်ကင်းစွာ နေထိုင်နိုင်ခွင့်တို့ကို ဟန်ချက်ညီစေရန် ရည်ရွယ်သည်။ အကယ်၍
အောက်ပါတို့ကို **"အကျိုးသင့်အကြောင်းသင့်ရှိစွာနှင့် စိတ်မှန်စေတနာဖြင့် လုပ်ဆောင်လျှင်"** ဥပဒေနှင့် မဆ
မဆန့်ကျင်ပေဟု RDA က ဆိုထားသည်။

- **အနုပညာ အလုပ် သို့မဟုတ် တင်ဆက်မှု -** ဥပမာ၊
ဇာတ်ကောင်က လူမျိုးရေးအရ စော်ကားမှုနှင့် စပ်ဆိုင်ရာ သဘောထားများကို ဖေ
ဖော်ကြူးသည့် ပြဇာတ်။

- **စစ်မှန်သော ပညာရေး သို့မဟုတ် သိ
သိပ္ပံရေး ရည်ရွယ်ချက်အတွက် ပြုလုပ်သော ထုတ်ပြန်ကြေညာချက်၊ ထု
ထုတ်ဝေချက်၊ ဆွေးနွေးမှု သို့မဟုတ် ဆွေးနွေးငြင်းခုံမှု -** ဥပမာ၊ လူဝင်မှုကြီးကြပ်ရေး၊ ယ
ယဉ်ကျေးမှုပေါင်းစုံစနစ် သို့မဟုတ် သီးသန့်လူစုများအတွက် အထ
အထူးစီမံချက်များကဲ့သို့သော
အများပြည်သူဆိုင်ရာ မူဝါဒများကို ဆွေးနွေးခြင်းနှင့် ဆွေးနွေးငြင်းခုံခြင်း။

- **အများပြည်သူ အကျိုးစီးပွားနှင့် ပတ်သက်၍ မျှတပြီး တိကျသော အစီရင်ခံစာကို ထုတ်ပြန်ခြင်း -**
ဥပမာ၊ သတင်းစာတွင် လူမျိုးရေးအရ စော်ကားသည့် အပြုအမူနှင့် ပတ
ပတ်သက်သည့်သတင်းကို မျှတစွာ ဖော်ပြခြင်း။

- **မျှတစွာ မှတ်ချက်ပေး၊ ဝေဖန်ခြင်း -** အကယ်၍ ပုဂ္ဂိုလ်တစ်ဦးက မိမိ၏ စစ်မှန်သော ယုံ
ယုံကြည်ချက်အရ ထုတ်ဖော်ပြောဆိုမှုဖြစ်လျှင်တို့ဖြစ်သည်။

## ကျွန်ုပ် လူမျိုးရေးအရ ခဲ
## ခွဲခြားဆက်ဆံခံရလျှင် သို့မဟုတ် မုန်းတီးခံရလျှင် ကျွန်ုပ်ဘာလုပ်နိုင်သနည်း။

သင်သည် သက်ဆိုင်ရာ ပုဂ္ဂိုလ် သို့မဟုတ် လူများနှင့် တိုက်ရိုက် ကိုင်တွယ်ဖြေရှင်းလိုပေမည်။

အကယ်၍၎င်းသို့ မဖြေရှင်းနိုင်လျှင် သို့မဟုတ် ဖြေရှင်းရန် သင့်အတွက် အဆင်မပြေလျှင်၊ သင်သည်
Australian Human Rights Commission (ဩစတြေးလျား
လူ့အခွင့်အရေး ကော်မရှင်) သို့ တိုင်ကြားနိုင်သည်။ သင်သည် ရှေ့နေ၊ ရှေ့ဆောင်လိုက်ပေးသူ သို့မဟုတ်
အလုပ်သမားသမဂ္ဂကဲ့သို့သော လူများတို့ကလည်း သင့်ကိုယ်စား တိုင်ကြားပေးနိုင်သည်။

ကော်မရှင်သို့ တိုင်ကြားရန် ကုန်ကျစရိတ် လုံးဝမပေးရပါ။

သင့်တိုင်ကြားချက်ကို စာဖြင့်ရေးသားရန် လိုအပ်သည်။ ကော်မရှင်ထံ၌ သင်ဖြည့်စွက်နိုင်သော ပုံစံရှိပြီး၊ ၎င်းကိုသင်သည် စာတိုက်မှ ပို့နိုင်သည့် သို့မဟုတ် ကျွန်ုပ်တို့ထံသို့ ဖက်စ်ဖြင့် ပို့နိုင်သည် သိ သို့မဟုတ် ကျွန်ုပ်တို့၏ ဝက်ဘ်ဆိုက်မှတဆင့် အွန်လိုင်းအရ တင်ပြတိုင်ကြားနိုင်သည်။ အကယ်၍သင့်ထံ၌ စာဖြင့်ရေးသား၍ တိုင်ကြားနိုင်စွမ်းမရှိလျှင် ကျွန်ုပ်တို့က သင့်အား ကူညီပေးနိုင်ပါသည်။

သင့်တိုင်ကြားချက်ကို တရားဝင်ဖြစ်စေရန် သင်တိုင်တန်းလိုသည့် ဖြစ်ရပ်များသည် တရားမဲ့ ခဲ ခွဲခြားဆက်ဆံခံရခြင်းဖြစ်ကြောင်းကို ကျိုးကြောင်းဆီလျော်စွာ ငြင်းခုံတင်ပြရန်လိုအပ်ပြီး၊ သင သင်၏ စွပ်စွဲမှုများတွင် မည်သည့်အဖြစ်အပျက်ဖြစ်ခဲ့သည်၊ ဖြစ်ပျက်ခဲ့ချိန်နှင့် နေရာ၊ မည်သူတို့ ပါ ပါဝင်ခဲ့သည်အစရှိသော အသေးစိတ်အချက်အလက်များ လုံလောက်စွာ ပါဝင်ရမည်။

တိုင်ကြားချက်ကို မည်သည့်ဘာသာစကားဖြင့်မဆို တင်ပြနိုင်သည်။ အကယ်၍ သင် စကားပြန် သိ သို့မဟုတ် ဘာသာပြန်ဆိုသူအား လိုအပ်လျှင် ကျွန်ုပ်တို့ စီစဉ်ပေးနိုင်သည်။

## နောက်ထပ်အချက်အလက်များကို ကျွန်ုပ် မည်သည့်နေရာမှ ရရှိနိုင်မည်နည်း။

Australian Human Rights Commission (ဩစတြေးလျား လူ့အခွင့်အရေး ကော်မရှင်) ကို ဆ ဆက်သွယ်နိုင်ရာ အသေးစိတ်မှာ၊

### တယ်လီဖုန်း

National Information Service (တစ်နိုင်ငံလုံးဆိုင်ရာ သတင်းအချက်အလက် ဝန်ဆောင်မှု) 1300 656 419 သို့မဟုတ်
(02) 9284 9888
TTY: 1800 620 241 (အခမဲ့ခေါ်)
ဖက်စ်။ (02) 9284 9611

### စာပို့စနစ်

GPO Box 5218
Sydney NSW 2001

### အွန်လိုင်း

အီးမေးလ်။ infoservice@humanrights.gov.au
ဝက်ဘ်ဆိုက်။ www.humanrights.gov.au

အွန်လိုင်းအရ သင် တိုင်ကြားနိုင်သည်
www.humanrights.gov.au/complaints_information/online_form/index.html.

အကယ်၍ သင်သည် နားမကြားသူ သို့မဟုတ်
အကြားအာရုံ ချွတ်ယွင်းနေသူဖြစ်ပါက သင်သည် ကျွန်ုပ်တို့အား 1800 620 241 ၌ TTY အရ

ဆက်သွယ်နိုင်ပါသည်။ အကယ်၍ သင် Auslan
(လက်ဟန်ခြေဟန်ဖြင့် ပြောသည့်) စကားပြန်အား အလိုရှိပါက ကျွန်ုပ်တို့ စီစဉ်ပေးနိုင်ပါသည်။

အကယ်၍ သင်သည် မျက်စိမမြင်ရသူ သို့မဟုတ်
အမြင်အာရုံ ချွတ်ယွင်းနေသူဖြစ်ပါက ကျွန်ုပ်တို့သည် သင
သင့်တော်င်းဆိုမှုအပေါ် အခြားရွေးချယ်စရာပုံစံများအရ သတင်းအချက်အလက်များကို ပေးနိုင်ပါသည်။

## လူမျိုးရေးအရ မုန်းတီးခံရသော တိုင်ကြားချက်များအတွက် အခြားဆက်သွယ်နိုင်ရာ ဌာနများ

အကယ်၍သင်သည် သတင်းလောကမှ ဓော်ကားသည့် ဖြစ်ရပ်များ၊ အသံလွှင့်ခြင်းများ သို့မဟုတ် အွ
အွန်လိုင်းပါ အချက်အလက်များအပေါ် စိုးရိမ်ပါက သင်သည် Australian Communications and Media Authority (ACMA) (ဩစတြေးလျား
ဆက်သွယ်ရေးနှင့် သတင်းလောကဆိုင်ရာ အာဏာပိုင်)၊ ကြော်ငြာများအတွက် Advertising Standards Board (ကြော်ငြာများ စံချိန်စံညွှန်းများဆိုင်ရာ အဖွဲ့အစည်း) ထံသို့ တိုင်ကြားနိုင်ပါသည်။

အကယ်၍သင်သည် အိမ်နီးချင်းတို့၏ ဓော်ကားမော်ကား အပြ
အပြုအမူများအပေါ် စိုးရိမ်ပါက သင်သည် ပြဿနာကို ဖြေရှင်းရန် Community Justice Centre (လူမှုအသိုင်းအဝိုင်း တရားမျှတမှု ဌာန) သို့၊ သို့မဟုတ် သင် အစိုးရအိုးအိမ်တွင် နေထိုင်လျှင် Department of Housing (အိုးအိမ်ဌာန) သို့ ချဉ်းကပ်နိုင်သည်။

**အကယ်၍သင့်အား အကြမ်းဖက်မှုဖြင့် ခြိမ်းခြောက်ခံရပါက သို့မဟုတ် အကြမ်းဖက် တိ
တိုက်ခိုက်ခံရပါက ရဲထံသို့သွားပါ။**

## အထွေထွေ ဥပဒေရေးရာ အကြံဉာဏ်

အကယ်၍သင်သည် တိုင်ကြားချက်ဖွင့်ရန် စဉ်းစားနေပါက သင်သည် ဥပဒေရေးရာ အကြံဉာဏ်ကို ရ
ရယူနိုင်သည် သို့မဟုတ် သင့် အလုပ်သမားသမဂ္ဂကို ဆက်သွယ်နိုင်သည်။ လူမှုအသိုင်းအဝိုင်း ဥပ
ဥပဒေရေးရာ ဝန်ဆောင်မှု အ
အဖွဲ့အစည်းများသည် ခွဲခြားဆက်ဆံခံရမှုနှင့် နှောင့်ယှက်မှုများနှင့် ပတ်သက်သည့် အကြံဉာဏ်ကို အ
အခမဲ့ပေးနိုင်ပါသည်။ သင်နှင့် အနီးဆုံး လူမှုအသိုင်းအဝိုင်း ဥပ
ဥပဒေရေးရာ ဝန်ဆောင်မှုဌာနကို ဆက်သွယ်ရန် အသေးစိတ်အချက်အလက်ကို
www.naclc.org.au/directory ၌ တွေ့ရှိနိုင်ပါသည်။

**တာဝန်မယူကြောင်း ရှင်းလင်းချက်။ ဤအချက်အလက်စာစောင်ပါ အချက်အလက်များကို လ
လမ်းညွှန်အဖြစ်သာ ရည်ရွယ်ထားပြီး ဥပဒေရေးရာ အကြံဉာဏ်များ အဖြစ် အစားထိုးထားခြင်း မဟုတ်ပါ။**